(အန်စွာရီ) အမျိုးသားတစ်ဦးရှိခဲ့သည်။ ၎င်းထက်ပို၍ဗလီနှင့် အဝေးမှာနေတယ့် အခြားသူတစ်ဦးကို

ကျွန်ုပ်မသိပါ။ သို့သော် ၎င်းသည် ဆွလာသ်တစ်ကြိမ်မှပျက်ကွ က်ခဲ့ခြင်းမရှိပေ

အုဗိုင်ယ် ဗင်န် ကအ်ဗ် (ရဿွိယလ္လာဟု အန်ဟု) ကဆင့်ပြန်ခဲ့သည်။ (အန်စွာရီ)
အမျိုးသားတစ်ဦးရှိခဲ့သည်။ ၎င်းထက်ပို၍ ဗလီနှင့် အဝေးမှာနေတယ့် အခြားသူတစ်ဦးကိုကျွန်ုပ်မသိပါ။ သို့သော် ၎င်းသည် ဆွလာသ်တစ်ကြိမ်မှ ပျက်ကွ က်ခဲ့ခြင်းမရှိပေ။
အချို့က ၎င်းအား ပြောဆိုကြသည်။ သို့မဟုတ် ကျွန်ုပ်သည် ၎င်းအားအကယ်၍ သင်သည်
ည၏အမှောင်ထုနှင့် နေ့၏ပူပြင်းမှုအတွင်း စီးနင်းရန် မြည်းတစ်ကောင်ဝယ်ထားလျှင် (ကောင်းမည် ဟု ပြောခဲ့သည်) ထိုအခါ သူက -ကျွန်ုပ်၏အိမ်သည် ဗလီအနီးတွင် ရှိခြင်းကိုကျွန်ုပ် မနှစ်သက်ပါ။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်၏ဗလီသို့ ဆွလာသ်ဝတ်ပြုရန်
သွားသည့် ခြေလှမ်းများနှင့် ကျွန်ုပ်၏ မိသားစုထံ ဗလီမှ (လမ်း လျှောက်၍)
ပြန်လာခြင်း (ခြေလှမ်းများ၏ အကျိုးစဝါးဗ်) ကို ရေးသားမှတ်တမ်းတင်‌ခံရခြင်းကို
ကျွန်ုပ်လိုလားသောကြောင့်ဖြစ်သည် ဟု ပြန်ပြောခဲ့သည်။ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က -"အလ္လာဟ်အရှင်မြတ်သည်
ထိုအရာအားလုံးကို သင့်အတွက် စုစည်းပေးတော်မူခဲ့လေပြီ" ဟု
မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه مسلم]

အုဗိုင်ယ် ဗင်န် ကအ်ဘ်(ရဿွိယလ္လာဟု အန်ဟု)က ဆင့်ပြန်ပြောပြခဲ့သည်။အန်ဆွာရီဆွဟာဗီတစ်ဦးရှိခဲ့ပြီး ၎င်း၏အိမ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဗလီနှင့် အဝေးဆုံးနေရာတွင် ရှိခဲ့သည်။ သို့သော်လည်း ထိုသူသည်ဆွလာသ်တစ်ကြိမ်မျှ မလွတ်ခဲ့ပေ။ ဤမျှသာမက သူသည် ဆွလာသ်တိုင်းတွင်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)နှင့်အတူ ပါဝင်ဝတ်ပြုခဲ့သည်။ ထိုအခါ လူတို့ကသူ့အား ဤသို့ပြောခဲ့သည်။ အကယ်၍ သင်သည် ည၏အမှောင်ထုနှင့် နေ့၏ပူပြင်းမှုအတွင်းစီးနင်းရန် မြည်းတစ်ကောင်ဝယ်ထားလျှင် (ကောင်းမည် ဟု ပြောခဲ့သည်) ထိုအခါ သူက - ကျွန်ုပ်၏အိမ်သည် ဗလီအနီးတွင် ရှိခြင်းကို ကျွန်ုပ် မနှစ်သက်ပါ။ အဘယ် ကြောင့်ဆိုသော်အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်၏ဗလီသို့ ဆွလာသ်ဝတ်ပြုရန် လမ်းလျှောက်သွားခြင်း နှင့်ကျွန်ုပ်၏မိသားစုထံဗလီမှ (လမ်း လျှောက်၍) ပြန်လာခြင်း၏ (အကျိုးစဝါးဗ်ကို) ရေးသားမှတ်တမ်းတင်‌တော်မူရန် ကျွန်ုပ်လိုလားသောကြောင့်ဖြစ်သည် ဟု ပြန်ပြောခဲ့သည်။နောက်ဆုံးတွင် သူ၏စကားသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံသို့ရောက်ရှိခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က - "အလ္လာဟ်အရှင်မြတ်သည် ထိုအရာအားလုံးကို သင့်အတွက် စုစည်းပေးတော်မူခဲ့လေပြီ" ဟုမိန့်ကြားတော်မူခဲ့သည်။